# Highlights from DVB Debate's Helping Squatters Show

## June 11, 2016

## "Who helps the Homeless?"

"ကျူးကျော်ဆိုတာ အိမ်ရာ၊ မြေမရှိတဲ့..ပိုင်ဆိုင်ခွင့်မရှိတဲ့ မြေမှာနေထိုင်သူတွေကို ခေါ်တယ်။ ကျူးကျော်တွေကို အိမ်ရာမဲ့အဖြစ် ရှုမြင်ပြီးတော့ သူတို့အရေးကို ထည့်သွင်းစဉ်းစားရပါမယ်"

ဦးမြင့်မိုရ်ဆွေ - ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးပညာရှင်

---

"ဆင်းရဲတဲ့ အခြေခံလူတန်းစားတွေအတွက် ထည့်သွင်းစဉ်းစားထားတဲ့ အိမ်ရာမူဝါဒ ကျမတို့ဆီမှာ လုံးဝမရှိဘူး"

ဒေါ်ဇန်လီဇာအောင် - ဒါရိုက်တာ(Women for the World ကျူးကျော်အရေးနှင့် အိုးအိမ်နေရာချထားရေး အန်ဂျီအို)

---

"ဒီကျူးကျော်တွေကို နေရာပေးလိုက်ရင် နောက်ထပ်ပေါ်လာမယ့် ကျူးကျော်တွေကလဲ ထပ်ပေါ်လာနေဦးမှာပဲဆိုတော့ ဖြေရှင်းပုံနည်းလမ်းက ရေရှည်အတွက် စဉ်းစားထားရမယ်"

ဒေါက်တာ ညိုညိုသင်း - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်း

---

"အများပိုင်နေရာတွေ ဥပမာ ပန်းခြံ၊ အားကစားကွင်းနေရာတွေကို အစိုးရက ဥပဒေနဲ့ သေချာမထိန်းကျောင်းနိုင်ရင်၊ ဂရန်တွေချပေးပြီး ရောင်းရောင်းစားနေရင် ပြည်သူပိုင်နေရာတွေ ပျောက်လိမ့်မယ်"

ဦးနေဘုန်းလတ် - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

---

"ဒီကျူးကျော် ပြဿနာကို ပြည်သူတွေကို အာဏာခွဲမပေးဘဲ အစိုးရက သူတဦးထဲပဲ လုပ်နိုင်တယ် လုပ်မယ်ဆိုရင်တော့ ဒီပြဿနာ ပြေလည်မှာ မဟုတ်ဘူး။ ပြည်သူကိုပါ ပါဝင်ဖြေရှင်းခိုင်းရမယ်"

ဒေါ်ဇန်လီဇာအောင် - ဒါရိုက်တာ(Women for the World ကျူးကျော်အရေးနှင့် အိုးအိမ်နေရာချထားရေး အန်ဂျီအို)

---

"ကျူးကျော်စာရင်းကောက်တဲ့အခါ အုပ်ချုပ်ရေးတာဝန်ရှိသူတွေကပဲ ကောက်တော့ ပြည်သူမပါဘူးဖြစ်နေတယ်။ ပြည်သူကိုယ်စားပြုတဲ့ အရပ်ဖက်အဖွဲ့တွေ အားလုံးလည်း ပါဝင်ရမယ်။ ကျူးကျော် စာရင်းကောက်တဲ့နေရာမှာတင် ယုံကြည်မှုပြဿနာတွေ ရှိနိုင်တော့ အိမ်ရာတွေ ချပေးတဲ့အခါ ပြဿနာဖြစ်လာနိုင်တယ်"

ဦးနေဘုန်းလတ် - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ် (၁)

---

"မြို့သစ်တွေတည်ပြီး ကျူးကျော်တွေကို စုပုံရှင်း ဆိုတဲ့ စနစ်နဲ့ပဲ ကျူးကျော်ပြဿနာတွေကို ရှင်းလာခဲ့တာ အစိုးရအဆက်ဆက်က။ လက်ရှိအစိုးရအနေနဲ့ ဒါကို သုံးသပ် ဆင်ခြင်သင့်တယ်"

ဦးမြင့်မိုရ်ဆွေ - ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးပညာရှင်

---

"ကျူးကျော်ကိစ္စတခုထဲအတွက်ပဲ ဥပဒေတခုထဲ ထုတ်ပြန်လို့လည်း မရပြန်ဘူး. အိမ်ငှားရမ်းခထိန်းချုပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းရမယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေအနေနဲ့ အိုးအိမ်ကိစ္စတွေကို လုပ်ပေးစေချင်ပါတယ်။ တိုင်းဒေသကြီးအစိုးရမှာ လုပ်ပိုင်ခွင့်ရှိပါတယ်"

ဒေါက်တာ ညိုညိုသင်း - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်း

---

"ကျနော်တို့ စိုက်ကွင်းတွေသိမ်းခံရတယ်၊ မြေသိမ်းခံရတယ် ပြီးတော့ အခုလည်း ကျူးကျော်လို့ စွပ်စွဲခံထားရပါတယ်"

ဦးထင်ကျော် - မင်္ဂလာဒုံစက်မှုဇုန်နေပြည်သူတဦး

---

"စက်မှုဇုန်တွေကြောင့် ပြုံဝင်လာတဲ့ အလုပ်သမားတွေရှိတယ်၊ သူတို့ကလည်း မြေနေရာတွေ ယူရင်း ကျူးလာတာတွေလည်း ရှိနေတယ်"

ဦးဝင်းမြင့် - ပရိသတ်

---

"ဟိုးအရင် မဟာဗန္ဓုလအိမ်ရာလုပ်တယ် လျှောက်ရမယ့် သတ်မှတ်ချက်တွေက သန်းခေါင်စာရင်းရှိရမယ်၊ အိမ်ငှားနေရမယ် သတ်မှတ်ချက်တွေနဲ့ လာပါ လျှောက်ပါ လုပ်ခဲ့တော့ ကျူးကျော်ဆိုမှ သန်းခေါင်စာရင်းဘယ်ရှိပါ့မလဲ။ အခု အစိုးရလည်း ဒါတွေကို ထည့်သွင်းစဉ်းစားသင့်ပါတယ်"

ဦးမြင့်မိုရ်ဆွေ - ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးပညာရှင်